# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## နိုင်ငံ့ဝန်ထမ်းဥပဒေကိုတတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ

## ( နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၃၉ / ၂၀၂၅ )

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၁ ရက်

( ၂၀၂၅ ခုနှစ်၊ မေလ ၂၇ ရက် )

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **နိုင်ငံ့ဝန်ထမ်းဥပဒေကိုတတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဓ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဓ) ရာထူးဝန်အဖွဲ့က ရာထူးအဆင့်အလိုက်သတ်မှတ်ထားသော သင်တန်းများအပြင် ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းက ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးတာဝန်အတွက် ရည်ရွယ်ဖွင့်လှစ်သော အဆင့်မြင့်သင်တန်းများကိုလည်း တက်ရောက်ခြင်း၊"

**ရှင်းလင်းချက်။** ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးတာဝန်အတွက် ရည်ရွယ်ဖွင့်လှစ်သော အဆင့်မြင့်သင်တန်းဆိုသည်မှာ ယင်းရာထူးတာဝန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့က အသိအမှတ်ပြုသောသင်တန်းကိုဆိုသည်။

၃။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၂၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"ပုဒ်မ ၂၉။ အထူးကိစ္စရပ်မှအပ ဝန်ထမ်းကို ရာထူးတိုးမြှင့်ခန့်ထားရာတွင် -

(က) ရာထူးဝန်အဖွဲ့က သက်ဆိုင်ရာ ရာထူးအဆင့်အလိုက် သတ်မှတ်ထားသော သင်တန်းတက်ရောက်ပြီးသူဖြစ်ရမည်။

( ခ ) ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းက ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးတာဝန်အတွက် ရည်ရွယ်ဖွင့်လှစ်သော အဆင့်မြင့်သင်တန်း တက်ရောက်ပြီးသူဖြစ်ရမည်။"

**ရှင်းလင်းချက်။** အထူးကိစ္စရပ်ဆိုသည်မှာ ဝန်ထမ်း၏လုပ်ငန်းစွမ်းဆောင်ရည်ပေါ် မူတည်၍ သက်ဆိုင်ရာဝန်ကြီးဌာနနှင့်အဖွဲ့အစည်းက ရာထူးတိုးမြှင့်ပေးသင့်သည်ဟု သုံးသပ်ဆုံးဖြတ်သောကိစ္စရပ်ကိုဆိုသည်။

၄။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၃၅ ပါ "ဗဟိုဝန်ထမ်းတက္ကသိုလ်များ" ဆိုသည့်စကားရပ်ကို "နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ် ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ